အခွန်ကြေးကြေညာစာတမ်း(確定申告/ခဉုတေးရှင်းကိုခု) တင်သွင်းဖို့မမေ့ပါနဲ့!

နိုင်ငံအခွန်ဌာန၏သတင်းများကိုအခြေခံ၍ပြုလုပ်ထားပါသည်။

၂၀၂၅ခုနှစ်၏အခွန်ကြေးကြေညာစာတမ်းကိုတင်သွင်းရန်ကာလ

၂၀၂၆. ၂.၁၆ ရက်(တနလ်ာနေ့)မှ ၃.၁၆ရက် (တနလ်ာနေ့)

သတ်မှတ်ထားသောကာလအတွင်း တင်သွင်းရန်မေ့သွားပါက၊တတ်နိုင်သလောက်အမြန်လုပ်ဆောင်ပါ။သတ်မှတ်ထားသောအချိန်အတွင်း တင်သွင်းခြင်း မပြုလုပ်ပါက တင်သွင်းရမည့် အခွန်ပမာဏအပြင် မတင်သွင်းမှုကြောင့် ပေးဆောင်ရမည့် အပိုအခွန် (無申告加算税) လည်း ကျသင့်နိုင်ပါသည်။ ထို့အပြင် အခွန်ကြေးကြေညာစာတမ်းတင်သွင်းရန်မလိုသူများ၏ အခွန်ပြန်အမ်းလျှောက်ထားခြင်း(還付申告)ကို သင်လျှောက်ထားမည့်သက်ဆိုင်ရာနှစ်၏ နောက်နှစ် ၁ လပိုင်း ၁ ရက်နေ့မှစကာ ၅ နှစ်တာကာလအတွင်း တင်သွင်းနိုင်ပါသည်။ ထို့ကြောင့်ယခင်က တင်သွင်းခြင်း မပြုလုပ်ထားသူများအနေဖြင့် ၂၀၂၁ ခုနှစ်အတွက် ပြန်အမ်းအခွန်လျှောက်ထားခြင်းကို ၂၀၂၆ခုနှစ် ၁၂လပိုင်း ၃၁ ရက်နေ့အထိ လျှောက်ထားနိုင်ပါသည်။



အခွန်ကြေးကြေညာစာတမ်းသည် ဘာလဲ?

ဝင်ငွေခွန် အခွန်ကြေးကြေညာခြင်းသည် နှစ်စဉ် ၁ လပိုင်း ၁ ရက်နေ့မှ ၁၂ လပိုင်း ၃၁ ရက်နေ့အထိ တစ်နှစ်စာ ရရှိသော ဝင်ငွေနှင့် ထိုငွေပမာဏပေါ်တွင်ပေးဆောင်ရမည့်ဝင်ငွေခွန်ပမာဏကို တွက်ချက်ကာ နုတ်ယူထားသော အခွန် သို့မဟုတ် ခန့်မှန်းပေးဆောင်မှုပမာဏတွင် ပိုလျှံခြင်းသို့မဟုတ် လိုငွေကိုဖြေရှင်းရန်လုပ်ထုံးလုပ်နည်းတစ်ခုဖြစ်သည်။

အခွန်ကြေးကြေညာစာတမ်းတင်သွင်းရန်လိုအပ်သူများ



အခြေခံအားဖြင့် အောက်ပါအမျိုးအစား ① မှ ③ အတွင်း တစ်ခုခုတွင် ပါဝင်သောသူများသည် တင်သွင်းရန်လိုအပ်ပါသည်။
*ထို့အပြင်①မှ③အပမှ ပုဂ္ဂိုလ်များလည်းတင်သွင်းရန်လိုအပ်နိုင်ခြေရှိပါသည်။

① ဝင်ငွေရှိသောသူများ *အများစုသည်ဝင်ငွေခွန်ကို ၎င်းတို့၏အလုပ်ခွင်မှ ပြုလုပ်သော နှစ်ကုန်အခွန်ညှိခြင်းမှတစ်ဆင့် တွက်ချက်ပေးဆောင်ဖြစ်သောကြောင့် မလိုအပ်ပါ။

② အစိုးရပင်စင်ကဲ့သို့သော အထွေထွေဝင်ငွေတစ်မျိုးတည်းသာရှိသူများ

③ ပင်စင်ဝင်ငွေရှိသူများ

အဓိကအချက်။ ။ အချို့သောကိစ္စရပ်များတွင် ဥပမာ-ဝင်ငွေပမာဏက ယန်းသိန်း၂၀၀ နှင့်အောက်ဖြစ်ကာ၊လစာကို တစ်နေရာတည်းမှ ရရှိသူများ။၎င်းတို့၏လစာအားလုံးတွင်အခွန်နုတ်ယူထားသူများ။လစာဝင်ငွေနှင့် ပင်စင်ဝင်ငွေမှလွဲ၍ အခြားဝင်ငွေသည် ယန်း ၂ သိန်း နှင့်အောက်သာရှိသူများ သည်အခွန်ကြေးကြေညာစာတမ်းတင်ရန်မလိုပါ။

ကြေညာစာတမ်းပြုလုပ်/တင်သွင်းနည်း

ကွန်ပျူတာသို့မဟုတ် စမတ်ဖုန်းဖြင့်၊နိုင်ငံခြားအခွန်ဌာန၏ 「အခွန်ကြေးကြေညာစာတမ်းပြုလုပ်သောကော်နာ」 သို့ဝင်ရောက်ပြီး အခွန်ကြေးကြေညာစာတမ်းကိုပြုလုပ်နိုင်ပါသည်။အောက်ပါနည်းလမ်းများဖြင့်လျှောက်တင်နိုင်ပါသည်။

① e-Taxဖြင့်တင်ခြင်း (မိုင်နမ်ဘာကတ် သို့မဟုတ် အခွန်ဌာနမှပေးအပ်သော IDနှင့် လျှို့ဝှက်နံပါတ်ကို လိုအပ်ပါသည်။)

② လျှော်လွှာစာရွက် ထုတ်၍ စာတိုက်ဖြင့်ပို့ခြင်း(ကိုယ်တိုင်ယူဆောင်ခြင်း)ဖြင့်တင်နိုင်ပါသည်။

ကိုးကားရန်

① **နိုင်ငံခြားသားများ အခွန်ကြေးကြေညာစာတမ်းပြုလုပ်နည်း အဆင့်ဆင့်နမူနာ (ရိုးရှင်းသောဗားရှင်း) ၂၀၂၅ခုနှစ်**
ဘာသာ။ ။အင်္ဂလိပ်၊တရုတ် (အလွယ်ရေးစာလုံး ၊အခက်စာလုံး) ၊ဗီယက်နမ်၊ နီပေါလ်၊ပေါ်တူဂီ
https://www.nta.go.jp/taxes/shiraberu/shinkoku/tebiki/2025/foreigner/index.htm

② **၂၀၂၅ခုနှစ်အတွက် ဝင်ငွေခွန် အခွန်ကြေးကြေညာခြင်း လမ်းညွှန်**
ဘာသာ။ ။ အင်္ဂလိပ်
https://www.nta.go.jp/english/taxes/individual/incometax_2025.htm

③ **ဂျပန်နိုင်ငံအတွင်းနေထိုင်သူမဟုတ်သော မိသားစုဆွေမျိုးများကို ထောက်ပံ့ခြင်းနဲ့ပတ်သက်၍ အခွန်လျှော့ပေါ့ခံယူမည့် သူများအတွက်**
ဘာသာ။ ။ ဂျပန်၊အင်္ဂလိပ်၊တရုတ်၊ဗီယက်နမ်၊ဖိလစ်ပိုင်၊စပိန်၊ပေါ်တူဂီ
https://www.nta.go.jp/publication/pamph/gensen/gaikokugo/02.htm